
စာပေတိုက်
လမင်းမိုမို
ကောင်းကင်ဘာကြောင့်ပြာ

# အခန်း (၁)

"မိုးထိ ... မိုးထိ ...၊ ဆင်းခဲ့တော့ဟာ"

မိုးထိသည် သစ်ပင်ရဲ့ အောက်မှာ မော့မော့ကလေး ရပ်နေသော သော်တာ့ရဲ့ ရွှံ့ကြောက်ကြောက် သဏ္ဌာန်ကလေးကိုကြည့်ကာ ခိခနဲ ရယ်မောရင်း ...

"နေဦးဟဲ့ ... ဒီဘက်မှာ နှစ်လုံးတောင်"

"ဟာ ... ငါတို့ နှစ်ယောက်စားဖို့ နှစ်လုံးတောင် ရပြီလေ၊ တော်ရောပေ့ါ၊ တော်ကြာ ... ဟိုဟာမတွေ တွေ့သွားရင် ဘွားဘွားကို အတို့ အထောင် သွားလုပ်နေလိမ့်မယ်ဟ"

"နင်ကြောက်တယ်ပေ့ါ"

"ကြောက်တာပေ့ါဟ၊ ဘွားဘွားဆူတာ ခံရပြီးရင် မေမေကပါ ဆက်ဆက်ဆူတာ၊ တစ်ခါ ဆူခံရရုံနဲ့ ပြီးတာ မဟုတ်ဘူး "

"င့ါအမေကတော့ ဆက်မဆူပေါင်"

ပါးစပ်ကပြောရင်း မိုးထိသည် လက်တစ်ဖက်က အပေါ်ကိုင်းကိုကိုင်ရင်း ခြေနင်းထားသည့် အောက်တိုင်ပေါ် ရွှေ့လိုက်၊ အပေါ်က လက်ကို ရွှေ့လိုက်၊ မာလကာသီး ပွပွနှစ်လုံး တွဲလွဲခိုနေသည့် ကိုင်းဖျားကို တဖြည်းဖြည်း ဂရုတစိုက် တိုးသွားနေပါသည်။

"တော်ပါတော့ဆို မိုးထိရာ"

"ဟဲ့ ... အမေ့ကိုလည်း တစ်လုံးလောက် ကျွေးချင်သေးတယ်ဟဲ့"

"ကဲ ... ဒါဆို ဒီနှစ်လုံး ချူးပြီးရင် ဆင်းတော့၊ နင် ရေလည်း မချိုးရသေးဘူး၊ ကျူရှင်ဆရာမက လာတော့မယ်"

"ကျူရှင်များ ဟာ ... တက်ဖူးပါတယ်၊ ဟီးဟိ ... ပလုတ်တုတ်"

"ဟဲ့ ... ကျမယ်"

"မကျဘူး"

"ဟယ် ... ကားသံကြားတယ်၊ ဆရာမ ကြိုတဲ့ ကား လာပြီထင်တယ်၊ မိုးထိရာ ... ဆင်းတော့ဟာ"

မိုးထိသည် မာလကာသီးကြီး နှစ်လုံးကို ချွေချလိုက်ကာ ...

"ကောက် ... ကောက်"

"ကောက်ပြီးပြီ၊ ကဲ ... လာတော့၊ ဖြည်းဖြည်းဆင်းဦး"

မိုးထိက ကိုင်းရင်းဘက် တရွေ့ရွေ့ ပြန်တိုးရွေ့လာသည် ။

"ကြာတယ်ဟာ"

"ဩော် ... စိတ်ကိုမရှည်ဘူး၊ ကဲ ... ဒါဆိုလည်း ခုန်ပဲချတော့မယ်"

စကားလည်း ဆုံး ဘုတ်ခနဲ အသံက ဆက်ကာ မိုးထိသည် မြေပေါ်လေးဖက်ထောက်ရက်ကလေး ကျကာလာသည် ။ သော်တာက မာလကာသီး လေးလုံးပွေ့ကာ မိုးထိရှိရာ ပြေး လာပြီး ထူဖို့ ကြိုးစားသည် ။

"ရတယ် ... ရတယ်"

မိုးထိက လူးလဲထကာ လက်ဝါးနှစ်ဖက်ကို ရိုက်ခါပြီး ဘောင်းဘီ

တင်ပါးမှာ ပွတ်သုတ်လိုက်၏။

"နာသွားသေးလား"

"မနာပေါင်"

ပြောပြီး တဟိဟိ ရယ်မောနေသော မိုးထိကို သော်တာက ရှုံ့မဲ့ကာ ကြည့်လိုက်ရင်း ...

"နင့်တစ်ကိုယ်လုံးကလည်း ပေရေစုတ် နေတာပဲဟာ"

"ဘာဖြစ်လဲ"

"ရေချိုးမှ ဖြစ်မယ်"

"ရေများ ... ချိုးဖူးတယ်"

"ဟဲ့ ... လုပ်ဖူးတဲ့ ဟာတွေ မလုပ်ရတော့ဘူးလို့ နင့် ဘယ်သူပြောလဲ ၊ နင် ရေမချိုးရသေးဘဲ စာသင်ဖို့ သွားရင် ဆရာမက ဆီးပြီးရှုတ်ချတာ နင်မရှက်ဘူးလား"

"မရှက်ပေါင် ... ဘာလို့ ရှက်ရမှာ လဲ၊ အဲဒီဆရာမက ငါဘာလုပ်နေနေ ရှုတ်ချမှာ ပဲ၊ ငါ့မှ ကြည့်မရတာ၊ ငါ ရေမိုးချိုးပြီး သနပ်ခါးလိမ်းပြီး စာသင်ခန်း ဝင်တော့လည်း ပဲဟင်းအိုးထဲ မှောက်လျက်လဲလာသလား လို့ လှောင်ပြြန်ရော၊ ဘာလုပ်လုပ် အပြစ်ပြောမယ့် အတူတူ ပင်ပန်းခံပြီး လုပ်မနေနိုင်ဘူး"

"ဟဲ့ ... ရေချိုးရတာက သူ့အတွက်မှ မဟုတ်တာ ကိုယ့်တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက်ပဲဟာ"

"ညကျ ချိုးမှာ ပေါ့ဟဲ့"

"ကဲ ... လာ၊ ဆရာမ ရောက်နေပြီထင်တယ်၊ စောင့်နေရလို့ ဟိုနေ့

ကလို ဆူဦးမယ်"

သူတို့ နှစ်ယောက်သား ခြံနောက်ဘက်မှ အိမ်ကြီးရှိရာသို့ ပြေးလာစဉ်ပင် ...

"မိုးထိရေ ... သော်တာရေ ... "

"ဟော ... ခေါ်နေပြီ၊ တွေ့လား ... "

"အဲဒီဒေါ်ကြီးစိုးက အာကိုပြတယ်၊ သူအော်ခေါ်တာနဲ့ ဘွားဘွားကြားတော့မှာ ပဲ"

"အေးဟာ ... မေမေလည်း ကြားတော့မှာ ပဲ"

သော်တာ့မှာ ဖိနပ်ပါသော်လည်း မိုးထိမှာ ဖိနပ်မပါ၍ အိမ်နောက်ဖေးဘက် တံခါးပေါက်ဝရောက်တော့ မိုးထိက ဘုံပိုင်မှာ ရေဖွင့်၍ ခြေထောက်ဆေးရသည် ။ သော်တာ ခမျာလည်း မိုးထိ တစ်ယောက်တည်း မကျန်ရစ်အောင် စောင့်ပေးရှာပါသည် ။

"မြန်မြန်လုပ်"

မိုးထိက ဘောင်းဘီရှည်စ နှစ်ဖက်ကို ဒူးထိဆွဲတင်ကာ ခြေထောက်ချင်း ပွတ်၍ ဆေးသည် ။ ဘောင်းဘီရှည် ဆိုပေမဲ့ ရယ်ဒီမိတ် ဘောင်းဘီအကောင်းတော့ မဟုတ်ပါ။ ပိတ်စထူထူကို အမေကိုယ်တိုင်ညှပ်၍ စက်နင်းပြီး ချုပ်ပေးထားသည့် ခါးရှုံ့ကြိုးထည့် ဘောင်းဘီလက်ဖြစ် ဖြစ်ပါသည် ။

အညိုရင့်ပေါ် အဝါပွင့်ကျဲကျဲ တရုတ်ပိတ်စအထူ ဘောင်းဘီပွကြီးနှင့် အပေါ်က အသားရောင် ရှပ်အင်္ကျီ လက်တိုမှာ ကြေး(ဂျီး)ရောင် ထ,နေသည် ။

မိုးထိက ရှေ့က၊ နောက်မှ သော်တာက မာလကာသီးတွေ တစ်ဖက် ကပွေ့ရင်း တစ်ဖက်လက်က မိုးထိရဲ့ အင်္ကျီနောက်ကျောမှာ ပေနေသော ဖုန်အစင်းတွေကို ရိုက်ခါပေးကာ ပါလာသည် ။

"ဒေါ်ကြီးစိုး ... အမေကော"

"ဟဲ့ ... မိုးထိ၊ အမယ်လေး ... ရှာလိုက်ရတာ အာပေါက်တော့မယ်၊ သွား ... ဆရာမ ရောက်နေပြီ"

"အင်းပါ ... အမေကောလို့ "

"နင့်အမေ ဟိုဘက်ခန်းမှာ ဆန်ရွေးနေတယ်"

မိုးထိက မီးဖိုကျယ်ကြီးရဲ့ တစ်ဖက် စတိုခန်းကို ခေါင်းပြူလိုက်ရင်း ...

"အမေ"

"ဟဲ့ ... မိုးထိ၊ စာသွားသင့်တော့လေ သမီး၊ ဆရာမ လာနေပြီ"

"ဟုတ်ကဲ့ ... အမေ ဒီမာလကာသီး လေးလုံး သိမ်းထား"

သော်တာ့ လက်မှ ယူ၍ အမေ့ဆန်ပန်းထဲ ပစ်ချလိုက်သော မာလ ကာသီးတွေကို အမေက ငုံ့ကြည့်ရင်း ...

"ဟဲ့ ... မိုးထိရယ်၊ ခူးလာပြန်ပြီ ... ဘွားဘွား ဆူတော့မှာ ပဲ"

"မခူးဘဲ ထားရတာ နှမြောစရာကြီးဟာကို၊ အမေ တစ်လုံး၊ သမီး တစ်လုံး၊ သော်တာ တစ်လုံး သိလား၊ တစ်လုံးပိုတယ် အမေကြည့်စီစဉ် လိုက်"

ပြောပြီး မိုးထိရော သော်တာပါ တဟိဟိ ရယ်မောလျက် လက်ချင်း တွဲကာ အိမ်ရှေ့ဘက် ပြေးထွက်ခဲ့ပါသည် ။ အဆောင်ဆောင် အခန်း

ခန်းသော အိမ်ကြီးရဲ့ ခန်းမများ စွာကို ကျော်ဖြတ်၍ အောက်ထပ်အစွန် တစ်ဖက်မှ စာသင်ဆောင်ဆီသို့ ဦးတည်ပြောခဲ့ ကြပါသည် ။

စာသင်ရာ အခန်းထဲ သူတို့ နှစ်ယောက် ဝင်လိုက်လျှင် စားပွဲအကြီး ကြီး မှာ ရှိနှင့်သူတို့ က လှည့်ကြည့်ကြသည် ။ ဒီနှစ်အဖို့ ဒီအိမ်ကြီးမှ ဆယ်တန်းဖြေမည့် အုပ်စုပင်။ စုစုပေါင်း ခြောက်ယောက်။ ယောကျ်ား လေး နှစ်ယောက်ဖြစ်သော ရန်နောင်နှင့် အောင်ကျော်စွာပင် အသင့် ရောက်နေပါပြီ။

ဆရာမက ဝိုက်ဘုတ်ကြီးရှေ့မှာ လက်ပိုက်ရပ်နေရင်း မိုးထိနှင့် သော်တာ့ကို စိုက်ကြည့်နေသည် ။ ဆရာမကို ပြန်မကြည့်ဘဲ ကိုယ့်နေ ရာကိုယ် ဝင်ထိုင်ဖို့ ပြင်လိုက်စဉ် ...

"မထိုင်နဲ့ ဦး"

ဆရာမ အသံက ခပ်ဆတ်ဆတ် ထွက်လာသည် ။

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ၊ နင်တို့ နှစ်ယောက် ဘယ်ရောက်နေသလဲ၊ အခုမှ ရောက်လာရအောင်၊ ငါရောက်နေတာ ဆယ်မိနစ်တောင် ကျော်ပြီ"

"ခြံထဲ ရောက်နေလို့ ပါ"

သော်တာက နှုတ်ပိတ်နေပြီး မိုးထိကချည်း ဒိုင်ခံဖြေ နေပါသည် ။

"ခြံထဲ ရောက်နေစရာလား၊ ဒါ ကျူရှင်ချိန်ဆိုတာ မင်းတို့ သိပြီးသား ပဲ၊ ဆရာမ ကြိုတဲ့ ကား အိမ်ကထွက်သွားပြီ ဆိုတာနဲ့ စာသင်ခန်းကို ရောက်ဖို့ ပြင်ဆင်တော့လို့ မှာ ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ညည်းတို့ နှစ်ယောက် အခုလို နောက်ကျတာ ဘယ်နှခါတောင် ရှိနေပြီလဲ"

"မမှတ်မိတော့ပါဘူး ဆရာမ"

"တကယ်မမှတ်မိလို့ ပါ"

ဒိုင်ခံဖြေနေသော မိုးထိကို ဆရာမက ဒေါသထွက်ထွက်နှင့် စိုက်ကြည့်နေသည် ။

"အကြိမ်ကြိမ် ရှိနေပြီ၊ ဘယ်လောက်မှာ မှာ မမှတ်ဘူး၊ နင်တို့ နှစ်ယောက်ကို ဆရာမရော ကျန်တဲ့ သူတွေကရော စောင့်စောင့်နေပေးရတာ ကောင်းလား၊ နင်တို့ စည်းကမ်းပျက်တာက ပမာမခန့် သဘောကို ဆောင် လာပြီ"

"နောက်တစ်ခါ ဒီလို ... မ ... မလုပ် ..."

"တော်စမ်း ... "

ဆရာမက ပိုဒေါသထွက်သွားပုံပင်။

"နင့်စကား ယုံစားမိရင် ယုံမိတဲ့ သူ အမှားပဲ၊ ဘယ်တုံးကများ ကတိစကား တည်လို့ လဲ၊ နောက်မလုပ်တော့ပါဘူးဆိုရင် လုပ်ပြီသာမှတ်၊ ပါးစပ်က ကတိပေးတာကတော့ လွယ်လိုက်တာ၊ ပြီးရင် ဘာစည်းကမ်းမှ မလိုက်နာဘူး၊ စာလည်း မကြိုးစားဘူး၊ ဆယ်တန်းလည်း တစ်ခါကျပြီးပြီ၊ မမှတ်သေးဘူး"

အခန်းထဲက တခိခိ လှောင်ရယ်သံတွေ ထွက်လာသဖြင့် မိုးထိက လူစေ့အောင် ဘုကြည့် လိုက်ကြည့်ပစ်သည် ။

"အခု ဒီစာသင်ခန်းထဲမှာ အားလုံးဟာ ဒီနှစ်မှ ဆယ်တန်းတက်တာ၊

နင်တစ်ယောက်ပဲ နှစ်ကျ၊ နင်ပဲ အဆိုးဆုံး၊ မကြိုးစားဆုံး၊ အပေါ့ဆဆုံး၊ မနှစ်ကတည်းက ဘာစကား တစ်ခွန်းမှ နားမထောင်ဘူး၊ စာလည်း မကျက်ဘူး၊ ဒီနှစ်ကော နင် ဘယ်လိုလဲ မိုးထိ"

"သမီး စာကျက်မှာ ပါ၊ အခုက နှစ်စမို့လို့ "

"ဘာနှစ်စလဲ၊ စာမေးလိုက်ရင် ဒီနှစ်မှ ဒါတွေသင်ရတဲ့ သူတွေက ဖြေနိုင်တယ်၊ နင်မဖြေနိုင်ဘူး၊ ဘယ်ဖြေနိုင်မလဲ၊ ဘာစာမှ ခေါင်းထဲမထည့်တာ၊ နင့်ကိုသင်ရတာ သိက္ခာကျတယ်၊ တခြားဘာသာ ဆရာတွေ နင့်ကို ဘာမှ မပြောဘူးလား ... ဟင်"

"မပြောပါဘူး"

"မပြောရအောင် ... ဘာလဲ၊ နင်က ငါ့ဘာသာကျမှ ကွက်ပြီး စာမလုပ်တာလား၊ ငါ့အတန်းကျမှ နောက်ကျတာလား"

"မဟုတ်ပါဘူး"

ဆရာမက မိုးထိကိုကြည့်ပြီး အတော်အမြင်ကတ် ဒေါပွနေပုံ ရပါသည် ။ မိုးထိကလည်း အမြင်ကတ်မည်ဆို ကတ်ချင်စရာပါပင်။ တစ်ခန်းလုံးမှာ ရှိသမျှ အားလုံးဟာ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်။ မိုးထိ တစ်ယောက်မှ ကွက်၍ ညစ်ပတ်စုတ်ပြတ်နေသည် ။

ကုပ်ဝဲလောက်ရှိသော ဆံပင်ထူထူဟာ ဖွာဆန်ကြဲ၍ ညှဉ်းသိုးသိုး ဖြစ်နေသည် ။ ဘယ်နှရက်နေမှ တစ်ခါလျှော်သလဲ မသိသော ဤဆံပင်ကြမ်း ထူကြီးတွေက ကြေး(ဂျီး) စင်းကြောင်းတွေရှိသော မျက်နှာကို ဘောင်ကွပ်ထားသည် မှာ တောတွင်းသား မောဂ္ဂလိနှင့် တူလှပေသည် ။

မျက်နှာမှာ နှုတ်ခမ်းနီ ပါးနီဝေးလို့ သနပ်ခါးပင်မရှိ။ အင်္ကျီရင်ဘတ်မှာ လည်း ကြေး(ဂျီး) စင်းရယ်၊ ဟင်းစက် ဆီစက် စင်ကာ ပေကျံထား

တာမျိုးတွေရယ် ရောနှောနေသည် ။ အောက်ဖျား လိပ်ထားသေးသော ပုံမကျသည့် ခါးရှုံ့ဘောင်းဘီမှာ ကြွေမွပေကျံနေလျက်။ လက်သည်း ခြေသည်းတို့ ဟာ အရှည်ထားတာ မဟုတ်ဘဲ မညှပ်ရသေး၍ ရှည်နေတာမျိုးဖြစ်ကာ အကြိုအကြားမှာ ကြေး(ဂျီး) မည်းတွေ ဝင်နေသည် ။

ကြည့်လိုက်တာနှင့် ဆီပြန်ညစ်ပတ်နေကာ ဘုရားစူး အပျိုကလေးပါလို့ ကျိန်တွယ် ပြောသင့်တာပင်။ ဘယ်အပျိုအရွယ်လေးမှ ဤမျှညစ်ပတ်မှာ မဟုတ်ဘူး ဟု ဆရာမ စိတ်ပျက်နေသည် ။

"သော်တာ ထိုင်တော့၊ မိုးထိ ... နင် ရေမချိုးဘူးလား ဒီနေ့"

"မချိုးရသေးဘူး"

"နင် ဘယ်လိုအပျိုလေးလဲ ... ဟင်၊ ကလေးလည်း မဟုတ်ဘူး ၊ နင့်အသက် အခု ဘယ်လောက်ရှိနေပြီလဲ"

"ဆယ့်ရှစ်နှစ်ခွဲ"

"နင်မငယ်တော့ဘူး မိုးထိ၊ ဒီအုပ်စုထဲမှာ နင်အကြီးဆုံးဆိုတာ မမေ့နဲ့ ၊ အားလုံးထဲ ကိုယ်က စံပြဖြစ်မှ ပေါ့၊ သူတို့ အားလုံး စာကြိုးစားတယ် ၊ သန့်ရှင်းသပ်ရပ်တယ်၊ စည်းကမ်းရှိတယ်၊ နင်တစ်ယောက်တည်း စုန်းပြူးဖြစ်နေတယ်၊ နင်မရှက်ဘူးလား မိုးထိ"

"သမီးက ဘာကိုရှက်ရမှာ လဲ"

"ဟဲ့ ... စာညံ့တာ၊ စည်းကမ်းပျက်တာ၊ ညစ်ပတ်တာ၊ ဒါတွေကို ရှက်ရမှာ ပေါ့၊ တစ်ကိုယ်လုံး မည်းသည်းနေတာပဲ၊ နင်မို့ ဒီအတိုင်း စာသင်နိုင်တယ်၊ နင့်ကို သွားသန့်ရှင်းခိုင်းနေလည်း ပြန်ပေါ်လာမှာ မဟုတ်ဘူး ငါသိတယ်၊ ဒီတော့ ... အခု ထားလိုက်တော့၊ နောက်တစ်ခါ ငါ့ရက်ငါ့အချိန် စာသင်ခန်းထဲ ဒီပုံစံနဲ့ လုံးဝဝင်မလာနဲ့ ၊ ဝင်မလာနဲ့ ဆိုလို့ မ

လာဘဲ လစ်မယ်မကြံနဲ့ ၊ ရေမိုးချိုး၊ ခေါင်းလျှော် သနပ်ခါးကျဲကျဲလိမ်း၊ အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ ဘယ်နေရာမှ ကြေး(ဂျီး) စင်းမပါဘဲ စာသင်ခန်းထဲ ဝင်ရမယ်၊ ငါရောက်တာနဲ့ အခန်းထဲမှာ နင်ရောက်နှင့်ပြီး ဖြစ်ရမယ်၊ ဒီနေ့လည်း မှတ်တမ်းစာအုပ်မှာ နင်နဲ့ သော်တာ နောက်ကျတာ၊ နင် ရေမချိုးဘဲလာတာ ငါရေးခဲ့ရမှာ ပဲ၊ နင်က အဘိုး အဘွားပဲ ကြောက်တာ၊ တိုင်မှ ဖြစ်မယ်"

"ဟုတ်ကဲ့"

"ထိုင်တော့၊ မနေ့က သင်ခဲ့တဲ့ ကယ်မစ္စတြီ အီကွေးရှင်းတွေ အားလုံးရကြလား"

"ရပါတယ်"

သံပြိုင်ထဲမှာ မိုးထိအသံ မပါ။

"မိုးထိ"

"နည်းနည်းပဲ ရသေးတယ် ဆရာမ"

"နင်မရှက်ဘူးလားဟင်၊ နင့်ထက်အငယ် ကလေးတွေ ရကြတယ်၊ နင်မရဘူး၊ မနေ့က စာမကျက်ဘဲ ဘာလုပ်နေလဲ"

"မနေ့ညက ခြံထဲမှာ ပုရစ်လိုက်ရိုက်နေတယ် ဆရာမ"

"ရန်နောင် … နင်လျှာမရှည်နဲ့ "

မိုးထိက လှမ်းအော် စွာလိုက်သည် ။

"ဘုရားရေ … ပုရစ်ရိုက်တယ်၊ အမယ်လေး … မိုးထိရယ်၊ အလုပ်ကြီး အကိုင်ကြီး၊ နင့်ကိုယ်နင် ဘာများမှတ်နေလဲ … ဟင်"

"သူ ပုရစ်တွေရိုက်၊ ဖင်ဖြတ်၊ အစာသွတ်ပြီး မီးဖိုထဲမှာ ကြော်စားနေ

တာ တွေ့တယ် ဆရာမ"

"ဘုရား ... ဘုရား၊ နင့်ကိုတော့ သြချပါတယ် မိုးထိရယ်၊ တကယ်ပါပဲ"

ဆရာမသည် အလွန်တရာမှ ပင် စိတ်ပျက်လက်ပျက်ဖြစ်ကာ ညည်းညူလိုက်သံက စိတ်ဓာတ်တွေ ကျနေသည် ။

"ပြီးရင် နင့်အမေပါခေါ် အဘွားကိုလည်း မှတ်တမ်းရေး တိုင်ရမယ်၊ နင့်အမေကိုလည်း တိုင်ရမယ်"

မိုးထိသည် ခေါင်းကို တဖြစ်ဖြစ်ကုတ်ကာ ငိုက်စိုက်ကြီး လုပ်နေသည် ။ မျက်နှာကား အဆူခံရ အမာန်ခံရ၍ ညစ်နောက်သည် မရှိ။ စိတ်ညစ်တတ်ပုံ မရသော မိုးထိရဲ့ မျက်နှာက အမှတ်မရှိ သညာမရှိ သူ့ပြောနေတာ မဟုတ်သလိုပင်။

"မမိုးထိ ... ခေါင်းသိပ်ကုတ်မနေနဲ့ "

"ငါ့ဘာသာငါ ကုတ်တာ ဘာဖြစ်လဲဟဲ့"

ဆရာမသည် ဗိုက်ဘုတ်မှာ စာရေးနေရင်း လှည့်ကြည့်ရပြန်သည် ။ မိုးထိ နံဘေးထိုင်နေသော ရွှေရည်က ရှုံ့မဲ့တိမ်းရှောင်ကာ ...

"သန်းတွေ သမီးဆီ လာကူးလိမ့်မယ်"

"သန်းများ ထူးဆန်းလုပ်လို့ ၊ နင်သိပ်ကြီးကျယ်တယ်"

"သြော် ... သမီးခေါင်းက သန်းမှ မရှိဘဲ၊ ရောက်လာမှာ ကြောက်တာပေါ့"

"ဖြစ်နေလိုက်တာ၊ သန်းရှိတာလေးကိုပဲ အနာကြီးရောဂါ ကျနေတာပဲ"

"မိုးထိ ... ပါးစပ်ပိတ်ထား၊ ကုတ်မနေနဲ့ နင့်ခေါင်းကို၊ သန်းရှိရင်လည်း ရှင်းပစ်စမ်းပါဦး၊ နင့်တစ်ကိုယ်လုံးမလည်း အမှတ်ပေးစရာ တစ်ချက်မှ ကို မတွေ့ဘူး၊ မကောင်းတာချည်း စုနေတယ်၊ သူများကို ပြောပြရင် ယုံမှာ တောင် မဟုတ်ဘူး "

ဤမျှထိ စာသင်ခန်းရဲ့ ဇာတ်လိုက်ကျော် ဖြစ်နေပေမဲ့ မိုးထိက ရှက်ပုံလည်း မရ၊ နာပုံလည်း မရ။ ဆရာမ ရေးပေးသော သင်ခန်းစာတွေကို လိုက်ကူးနေရင်းက နံဘေး၌ ခပ်မှိုင်မှိုင် ဖြစ်နေသော သော်တာ့ကို ပခုံးချင်းတိုက်ကာ ...

"ဟိတ် ... ဘာဖြစ်နေလဲ"

"ဆရာမက တိုင်လိမ့်မှာ ဟ"

"တိုင်တစ်လုံး ငါးမတ်၊ ပူမနေနဲ့ "

"မေမေပါ ဆူမှာ "

"ဆူတာများ ဟာ၊ ပဲ့ပါတာလိုက်လို့ ၊ ငါ့ကိုလွှဲချလိုက်၊ ငါ့ကြောင့်လို့ ပြောလိုက်ပေါ့ဟယ်၊ ပြီးရော"

သော်တာကဖြင့် မိုးထိကို လွှဲမချချင်ပါ။ လွှဲလည်း မချရက်ပါ။ မေမေတို့ က မိုးထိကို ဘယ်လောက်ထိ အထင်သေးသလဲ သော်တာ အသိဆုံးပင်။ မိုးထိနှင့် ပေါင်းတာကိုပင် သိပ်မကြိုက်ချင်လှတာ။ သော်တာကတော့ မိုးထိကို ချစ်လည်း ချစ် ခင်လည်း ခင်သည် ။

ရွယ်တူတွေ၊ ရွယ်မတူတတူတွေ ဒီအိမ်ကြီးမှာ တစ်ပုံကြီးပဲ ရှိပေမဲ့ မိုးထိနှင့် ပေါင်းရတာ သော်တာပျော်သည် ။ ယမင်းတို့ အုပ်စုလို အိုက်တင်တစ်ခွဲသား၊ ပဲများများ နှင့် မနေတတ်သော သော်တာသည် ညစ်တီးညစ်ပတ် မိုးထိကိုတော့ အင်မတန် ခင်မိပါသည် ။

ပြီးတော့ မိုးထိတို့ သားအမိကိုလည်း သော်တာက သနားသည် ။ ဤအိမ်ကြီးရဲ့ မျက်နှာငယ် အုပ်စုဝင် မဟုတ်လား။ ဤသို့ မျက်နှာငယ်ရသော်လည်း မိုးထိက အားငယ်ဝမ်းနည်းပုံလည်း မရ။ သူ့ကိုယ်သူ မျက်နှာငယ်ရသော အနေအထားလို့ ပင် ခေါင်းထဲ ရောက်ပုံမရ။

မျက်လုံးကြည်ကြည် အပြုံးကြည်ကြည်လေးနှင့် စိတ်ဖြူစင်သန့်ရှင်းလှတဲ့ မိုးထိကို ခင်မင်သနားတဲ့ အတွက် မိုးထိဘက်က ဖေးဖေးမမ ပါမိမြဲဖြစ်သော သော်တာမှာ မေမေ့ အကြိမ်းအမောင်းနှင့် လွတ်သည် မရှိလှပါ။

စာသင်ချိန်အတွင်း စာကူးလိုက်၊ စကားခိုးပြောလိုက်၊ စာဆိုစရာရှိလျှင် အသံတွေ အများကြီးကြားထဲ ဝါးချပြီး ဆိုလိုက်နှင့် မိုးထိက တဟိဟိ မပျက်ပေမဲ့ သော်တာကား စိတ်လေးလေး။

"ကဲ ... ဒီနေ့ ဒီလောက်ပဲ၊ တော်ပြီ"

"ဟေး"

တစ်နာရီခွဲကျော် နှစ်နာရီနီးပါး စာသင်ချိန် ပြီးဆုံးလျှင် ဆရာမက ဗိုက်ဘုတ်မာကာကို ပိတ်ကာ တော်ပြီပြောရုံရှိသေး မိုးထိထံမှ "ဟေး" သံက ထွက်လာ၍ ဆရာမက မျက်စောင်းရွယ်လိုက်ရင်း ...

"မိုးထိ"

"ရှင်"

"မနက်ဖြန်လည်း ငါ့အချိန်ရှိတယ်နော်၊ ငါမရောက်ခင် ကြိုက်ရောက်နေပါစေ၊ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လည်း ရှိပါစေ"

"ဟုတ်ကဲ့"

"စာလည်း ကျက်ထား"

"ဟုတ်ကဲ့"

"ပြောလိုက်ရင် ဟုတ်ကဲ့ပဲ၊ ဟင့်အင်း မရှိဘူး၊ လုပ်မှ သာ တလွဲ"

"အဟီး"

ဆရာမ ထွက်သွားသည် နှင့် မိုးထိက သော်တာ့လက်ကိုဆွဲကာ အိမ်မကြီးတစ်လျှောက် မီးဖိုဘက် ပြန်ပြေးလာသည် ။

"အမေ ... အမေ"

"ဟေ ... ပြီးပြီလား သမီး"

"ဟုတ်ကဲ့ ... အမေ၊ မာလကာသီးပေး"

"အခန်းထဲ သွားယူချည်"

"ဟုတ်"

အဆောင်ဆောင် အခန်းခန်းနှင့် ရဲတိုက်ကြီးလို ကြီးမားထည်ဝါ ခမ်းနားလှသည့် ဤအိမ်ကြီးမှာ မိသားစု အမြောက်အမြား နေထိုင်ကြပါသည် ။ ဘိုးဘိုးနှင့် ဘွားဘွား စီမံပေးထားသလို အသီးသီး ကိုယ့်အဆောင် ကိုယ့်အခန်းများ နှင့် နေကြသည့်အထဲ မိုးထိတို့ သားအမိ အခန်းကတော့ အိမ်ဖော်များ အခန်းကလွဲလျှင် မသားနားဆုံးပါပင်။

စတိုခန်းနှင့် ကပ်ရပ်မှာ ရှိသော မှောင်ကုပ်ကုပ် အခန်းထဲ မိုးထိ လက်ဆွဲခေါ်သွား၍ သော်တာ ပါသွားရသည် ။ စားပွဲပေါ်မှာ မာလကာသီးများ တင်ထားပါသည် ။

မိုးထိက တစ်လုံးကို သော်တာ့ထံ ပစ်ပေးလိုက်ရင်း သူတစ်လုံးကိုင်ကာ သူတို့ သားအမိရဲ့ နှစ်ယောက်အိပ် ခုတင်ကြီးပေါ် ပစ်လှဲချလိုက်သ

ည် ။

"မိုးထိ … နင် ရေချိုးဦးလေ"

"အေးပါ၊ ဘာလဲ နံလို့ လား"

"နံတော့ မနံဘူးပေါ့၊ လူတစ်ကိုယ်လုံး ချွေးနဲ့ ဆီပြန်ချည်းပဲ"

"ပျင်းလို့ ပါဟယ်၊ ချိုးပါ့မယ်"

သော်တာက ခုတင်စွန်းမှာ ဝင်ထိုင်ရင်း …

"မမခွာညိုက လက်ထပ်တော့မှာ ၊ နင်ကြားပြီးပြီလား"

"ဟုတ်လား … နင့်ကို ဘယ်သူပြောလဲ"

"မေမေတို့ ပြောနေတာ"

"ငါမသိဘူး၊ အမေလည်း မသိသေးဘူးထင်တယ်"

"အေး … အဲဒီကျရင် နင်နဲ့ ငါ ဆင်တူဝတ်ရအောင်ဟယ်"

"ဟယ် … မသိသေးပါဘူး၊ နင်က အကောင်းစားကြီး ချုပ်ဝတ်ရင် ငါက ဆင်တူဘယ်လိုက်ချုပ် နိုင်ပါ့မလဲ သော်တာရဲ့ ၊ ပြီးတော့ နင်ကြိုက်တာ၊ ငါမှ အဲဒါကြီးတွေ မကြိုက်ဘဲ"

"မင်္ဂလာဆောင်ပဲဟဲ့ အဲဒါမျိုးတွေ ဝတ်ရမှာ ပေါ့"

"ဈေးလည်း ကြီးတယ်ဟဲ့ အမေ ဘယ်ချုပ်ပေးနိုင်မလဲ"

ဤစကားကို မိုးထိက အပျော်အပြက် ပြောပေမဲ့ သော်တာကတော့ မိုးထိကို သနားသွားရပါသည် ။ ဤအိမ်ကြီးပေါ်မှာ မိသားစု အများအပြားသည် စီးပွားရေး အခြေအနေလည်း မတူညီကြပါ။

ဘိုးဘိုးဦးအောင်မြတ်နှင့် ဘွားဘွားဒေါ်နှင်းနုတို့ ကို မူတည်ပြီး ဘွား

ဘွားရဲ့ ဆွေမျိုးသားချင်းများ ၊ ဘိုးဘိုးဘက်က ဆွေမျိုးသားချင်းများ အားလုံး တစ်စုတစ်စည်း အတူနေဖြစ်ကြသော ဤအိမ်ထောင်စု ပုံစံကြီးက ထူးခြားပါသည် ။

ဘွားဘွားရဲ့ ညီအစ်ကို မောင်နှမများ ၊ ဘိုးဘိုးရဲ့ ညီအစ်ကို မောင်နှမများ အဲဒီက ပေါက်ဖွားလာသော ဝမ်းကွဲများ ရဲ့ မိသားစုများ ၊ ဘွားဘွားဘက်က အမျိုးတွေနှင့် ဘိုးဘိုးဘက်က အမျိုးတွေက ဘယ်လိုမှ မတော်စပ်ကြတဲ့ အတွက် သူစိမ်းပြင်ပြင်တွေပင်။ သို့ပေမဲ့ ဘိုးဘိုး ဘွားဘွားတို့ စည်းရုံးမှု တော်သည် ဟု ပင် ဆိုရအောင် အချင်းချင်းဟာ ရင်းနှီးစည်းလုံး ကြပါသည် ။

အနည်းအကျဉ်းသော ပြိုင်ဆိုင်မှုများ ရှိပေမဲ့ ရန်ဖြစ်တာမျိုး အထိတော့ တစ်ကြိမ်မှ မရှိခဲ့ဖူးပါ။ သော်တာတို့လို မြေးတွေလက်ထက်မှာတော့ အပြိုင်းအရိုင်း လူပျို အပျိုပေါက်တွေပီပီ ငြင်းဟယ်ခုန်ဟယ် မနာလိုဟယ် တိုင်ဟယ် တော်ဟယ် ကိစ္စတွေ နည်းနည်းများ ပါသည် ။

ဆွေမျိုးစု စီးပွားရေး နယ်ပယ်ထဲ အစုရှယ်ယာ ထည့်ကြတာလည်း ရှိ၊ ကိုယ့်စီးပွားရေး ကိုယ်လုပ်ဆောင်ကြတာလည်း ရှိရာ တစ်မိသားစု ချင်းရဲ့ ချောင်လည်မှု ကျပ်တည်းမှု တို့ မှာ လည်း မညီမျှပါ။ ဤအိမ်မှာ ပင်မစားအိုးကြီးထဲ ငွေထည့်၍ စားကြသော မိသားစုတွေ ရှိသလို၊ ကိုယ့်အိမ်ဖော် ကိုယ့်စားအိုးနှင့် အိုးခွဲချက်စားကြ သူတွေလည်း ရှိ၍ ဘိုးဘိုး ဘွားဘွားတို့ က ကျွေးထားသူတွေလည်း ပဲ ရှိပါသည် ။

သော်တာတို့ က ကိုယ့်အိုးနှင့်ကိုယ် စားကြသော မိသားစုဖြစ်၍ မိုးထိတို့ မှာ ဘွားဘွားတို့ ကျွေးထားသော သားအမိတည်း။

တစ်ဖက်အမျိုးနှင့် တစ်ဖက်အမျိုးထဲက မျိုးဆက်တူချင်း မေတ္တာရှိကာ လက်ထပ် ယူသွားသော စုံတွဲတွေလည်း ရှိကာ ပြင်ပလူနှင့် အိမ်

ထောင်ဖက်ပြီး ဤအိမ်ကြီးမှ ခွာသွားကြသူတွေလည်း ရှိပါသည် ။ တစ်အိမ်လုံးဟာ လူဦးရေပေါင်းများ စွာ၊ သန်းကောင် စာရင်းပေါင်း များ စွာနှင့် မျက်စိလည်စရာ ရှုပ်ယှက်ခတ် နေပါသည် ။

သော်တာက ဘွားဘွားညီအစ်ကို မောင်နှမတွေထဲမှ ဆင်းသက်လာသောသူဖြစ်၍ မိုးထိက ဘိုးဘိုးညီအစ်ကို မောင်နှမတွေထဲက ဆင်းသက်လာသူ ဖြစ်သောကြောင့် သူတို့ နှစ်ယောက် အမျိုးမတော်စပ်ကြပေ။ ဤအိမ်တွင် သော်တာနှင့် တစ်ဝမ်းကွဲသူတွေ နှစ်ဝမ်းကွဲသူတွေလည်း ရှိပါသည် ။

ဒီကြားထဲကမှ မိုးထိနှင့် သော်တာက အတွဲကြီးတွဲကာ ညီအစ်မရင်းလို ချစ်ခင်နေကြတာပင်။ သော်တာ့ကို အားလုံးလိုက ခင်မင်ရင်းနှီးကြကာ မိုးထိကိုမူ နှိမ်ချင်ကြသူတွေများ တာ သော်တာသိ၍ မိုးထိဘက်က ရပ်တည် ခင်မင်နေခဲ့တာပင်။ သော်တာ့မိဘတွေကအစ မိုးထိတို့ သားအမိကို သိပ်အရေးအရာ မထားလှပါ။

မိုးထိနှင့် ပေါင်းနေတာကို မေမေက မကြိုက်လှပေမဲ့ မပေါင်းရဘူးဆိုတဲ့ အထိတော့ တားမြစ်ချုပ်ချယ်လာခြင်း မရှိပါ။ ဤအိမ်မှာ ငွေကြေးလည်း ပြည့်စုံကြွယ်ဝချမ်းသာ၊ အသက်လည်း အကြီးဆုံးဖြစ်သည့် ဘိုးဘိုးနှင့် ဘွားဘွားရဲ့ ဩဇာတိက္ကမကို မလွန်ဆန်သာကြဘူးမဟုတ်လား။

ဘိုးဘိုးနှင့် ဘွားဘွားက နှစ်ဖက်အမျိုး အားလုံးကို သွေးစည်းခင်မင်စေလိုသည် ။ ဤဆွေမျိုး အသိုက်အအုံ အကြီးကြီး ဖြစ်နေတာကိုလည်း ဘိုးဘိုးနှင့် ဘွားဘွားက နှစ်ထောင်းအားရ ကျေနပ်ဂုဏ်ယူပေသည် ။ ဤအိမ်ကြီး၌ နေသရွေ့တော့ ဘယ်သူကမှ ဘိုးဘိုးနှင့် ဘွားဘွား ဩဇာကို သွေဖည်တော်လှန်ဖို့ စိတ်မကူးပါ။

အိမ်ကြီး ကြီးသလောက် ရှာတစ်ရှာနီးနီး ဖြစ်နေသည့် မိသားစုဦးရေ လူဦးရေဟာ အံ့အားသင့်ဖို့ ကောင်းလှပါသည် ။ အခုခေတ်မှာ ဤသို့သော မိသားစု အိမ်ကြီးမျိုးဟာ မရှိသလောက်ကို ရှားပေလိမ့်မည်ပင်။

*****

# အခန်း (၂)

"မိုးထိရေ ... အမေ့ကို အားရင် ကန်စွန်းရွက် ကူဆိတ်ပေးစမ်းပါ သမီးရယ်"

မိုးထိက ဝတ္ထုစာအုပ်ကို ခုတင်ပေါ် လှိမ့်ဖတ်နေရာမှ ထ,ထိုင်ကာ ...

"ဟုတ်ကဲ့ အမေ"

မိုးထိသည် သူ့အမေကိုတော့ သူတုန်နေအောင် ချစ်ရှာပေသည် ။ အရင်းချာဆုံးရယ်လို့ ဒီသားအမိ နှစ်ယောက်သာ မဟုတ်လား။ အဖေက မိုးထိ ဆယ့်လေးနှစ် သမီးမှာ ဆုံးပါးခဲ့ပါသည် ။ မွေးချင်းပေါက်ဖော်လည်း မရှိ၍ မိုးထိမှာ အမေတစ်ယောက်ပဲ ရှိသလို အမေ့မှာ မိုးထိတစ်ယောက်တည်း ရှိတာပင်။

အဖေရှိစဉ်က အဖေက မလှမ်းမကမ်း ရပ်ကွက်တစ်ခုရဲ့ ထိပ်မှာ အခန်းတစ်ခန်း ငှား၍ တီဗွီ ကက်ဆက် စသဖြင့် အိမ်သုံးလျှပ်စစ် ပစ္စည်းမျိုးစုံ ပြုပြင်သည့် ဆိုင်တစ်ဆိုင် ဖွင့်ထားခဲ့ပါသည် ။

အဖေက ဉာဏ်ပညာရပ်၌ အင်မတန် ကျွမ်းကျင်ကာ အလုပ်ကိုလည်း ဝီရိယ ရှိရှိလုပ်၍ ရက်ချိန်းမှန်ကာ နာမည်သတင်း မွှေးလှပါသည် ။ အဖေ့ဆိုင်မှာ ပြင်ဖို့ လာအပ်သည့် ပစ္စည်းတွေက လက်မလည်အောင် များလှ၍ အလုပ်သင် တပည့်ကလေး နှစ်ဦးပင် ငှားထားခဲ့ရသည် ထိပင်။

အဲဒီတုန်းကတော့ အဖေက ဝင်ငွေလည်းကောင်း၍ မိုးထိတို့ သားအ

မိမှာ ဘာမှ ပူပင်စရာ မရှိပါ။ ဘိုးဘိုး ဘွားဘွားတို့ ရဲ့ ပင်မစားအိုးကြီး ထဲ စားစရိတ်ထည့်ကာ စားခဲ့ကြပါသည် ။ အမေ့မှာ လည်း ရွှေတိုရွှေစ လေးတွေနှင့် ပြိုးပြိုးပြက်ပြက်။ မိုးထိ အတွက်လည်း အဖေက လိုချင်တာ အခုချက်ချင်းပင်။

အဖေက မိုးထိကိုလည်း အလိုလိုက်လှသည် ဖြစ်ရာ မိုးထိဟာ ငယ်ငယ်ကတည်းက ဆိုးဆိုးကဲကဲကလေး ဖြစ်ခဲ့ရပါသည် ။ မမျှော်လင့်ဘဲ ကျောက်ကပ်ရောဂါနှင့် အဖေ ကောက်ကာငင်ကာ ဆုံးသွားတော့ မိုးထိတို့ သားအမိ ဘဝက မျက်လှည့်ပြလိုက်သလို အပြောင်းလဲကြီး ပြောင်းလဲသွား ခဲ့ရတာပင်။

အ မေ့ မှာ ရွှေတိုရွှေစတွေ ရှိသော်လည်း ငွေကြေးထုပ်ထုပ်ထည်ထည် စုမိဆောင်းမိ မရှိလှ။ အဖေငှားထားသော ဆိုင်ခန်းရှင်ထံမှ စပေါ်ငွေလေး ပြန်ရတာကလွဲလျှင် ဘာဆို ဘာမှ ရစရာမရှိပါ။ အဖေ့ဆိုင် ဆိုတာကလည်း ငွေရင်းမ,တည်ထားသော ကုန်စုံဆိုင်မျိုးမှ မဟုတ်ဘဲ ။

အဖေ့ပညာနှင့် ရင်းရသော ဆိုင်ဖြစ်၍ အဖေမရှိသောအခါ လုံးဝ ဟန်ပျက် ရတော့သည် ပင်။ အမေကလည်း ဘာမှ လုပ်တတ် ကိုင်တတ် မရှိ။ မျက်နှာငယ်လေးတွေနှင့် ကျန်ရစ်သော သားအမိကို ဘိုးဘိုး ဘွားဘွားတို့ က ကရုဏာထား၍ စားစရိတ် ပေးစရာမလိုဘဲ အလကား ကျွေးထားခဲ့သည် မှာ ယခုထိပင်။

မိုးထိရဲ့ ကျောင်းစရိတ်၊ ကျူရှင်စရိတ်တွေကိုပါ ဘိုးဘိုးတို့ ကသာ ကျခံပေမဲ့  စားရုံ စာသင်ရုံနှင့် အားလုံးဖူလုံနေတာမှ မဟုတ်ဘဲ။ တိုလီထွာလီ အသေးစိတ် ကလေးတွေ ဝယ်ခြမ်းသုံးစွဲ ရတာတို့ ၊ မိုးထိ မုန့်ဖိုးတို့ က ရှိသေးသည် ။ ဒါတွေကအစ လက်ဖြန့်တောင်းသုံးဖို့ က မသင့်။

အမေသည် အပ်သူရှိလျှင် တစ်ချောင်းထိုး တက်တင်းထိုးတို့ နှင့် ခြုံ စောင် ရောစောင်ပဝါလေးများ လက်ခံထိုးပေးပါသည် ။ ဖောက်သည် ယူရောင်းပေးမည့် ဆိုင်မျိုးသာရှိလျှင် ဤအလုပ်က ဝင်ငွေသေးမည် မ ဟုတ်ပါ။ သို့ပေမဲ့ တင်ရောင်းပေးမည့်ဆိုင်က မရှိ။

အမေကလည်း မလည်မဝယ် အူအူအအနှင့် ဆိုင်တွေပေါ်ထိ လိုက်မ တင်တတ်ပေ။ ထိုအခါ ဆွေထဲမျိုးထဲ အသိမိတ်ဆွေတွေထဲက ရံဖန်ရံခါ သတင်းကြားနှင့် အပ်တတ်တာကလွဲ၍ အလုပ်မဖြစ်ပါ။

ရံဖန်ရံခါ ရတတ်သော ထိုလက်ခ ငွေကြေးဟာ မိုးထိတို့ သားအမိအ တွက် တိုလီမိုလီသုံး မုန့်ဖိုးပင်။ မလောက်မင ငွေလိုတဲ့ အခါ အမေ့ရဲ့ ရွှေတိုရွှေစလေးတို့ ခမျာ ထုခွဲခြင်း ခံရပါသည် ။

အဘိုး အဘွားတို့ က ကျွေးထားသဖြင့် အမေ့ခမျာ သိတတ်စွာ အိမ်မှု ကိစ္စများ ၌ ဝင်ပါကူညီရပါသည် ။ အိမ်ကြီးမှာ အိမ်ဖော်အလုပ်သမား တွေကပင် မိသားစု အသီးသီး ပေါင်းပါက ဆယ်ယောက်ထက်မနည်း။ သို့ပေမဲ့ လူဦးရေကလည်း များ လှ၍ လူနှင့်အလုပ် လက်မလည်ပါ။ ထို အခါ အမေ့ခမျာ တစ်တပ်တစ်အား မနားတမ်း အိမ်မှုတာဝန်တွေကို ထမ်းဆောင်ရပါသည် ။

မိုးထိက ကန်စွန်းရွက်သင်ဖို့ အခန်းထဲက ထွက်မည်ပြင်ရင်း အမေ့ ကို လှည့်ကြည့်ကာ ...

"အမေ ဘာလုပ်မလို့ လဲ"

အမေက တော်တန်ရုံနှင့် မိုးထိကို အလုပ်ဝင်ကူခိုင်းတတ်သည် မဟု တ်ပေ။

"အမေ ဒီတက်တင်းအင်္ကျီလေး လက်စသတ်ခါနီးပြီ"

"ဘယ်သူအပ်ထားတာလဲ အမေ"

"မအပ်ပါဘူး၊ မနက်ဖြန် ယမင်းမွေးနေ့ပွဲ ရှိတယ်လေ၊ လက်ဆောင်လေး ပေးရအောင်ပါ"

ထိုအခါမှ မိုးထိက နှုတ်ခမ်းရွဲ့ လိုက်မိသည် ။

"အမေ့ယမင်းကဖြင့် အမေ ပင်ပန်းခံ ထိုးထားတာကို ကြိုက်တာမို့လို့ လား"

ယမင်းသည် အဖေ့အစ်ကို အကြီးဆုံးရဲ့ သမီးဖြစ်၍ မိုးထိနှင့် တစ်ဝမ်းသာ ကွဲပါသည် ။ သူတို့ မိသားစုက ချောင်လည်သည့်အပြင် ဟိုတစ်လောကမှ ထီတစ်ဆု ထ,ပေါက်လိုက်သေးပြန်၍ အတော်ဟန်ပန်ကာမာနလည်း ကြီးကြသော မိသားစုပင်။

ယမင်းအမေကို တစ်ကြိမ်က အမေက ရှောစောင်လေးတစ်ထည် တစ်ချောင်းထိုး ထိုးပေးဖူးပါသည် ။ ဝယ်ပေးသော ပစ္စည်းမဟုတ်၍ သိပ်တန်ဖိုးထားလှပုံ မရကြပါ။

"အို ... ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်၊ တခြားပေးနိုင်တာမှ မဟုတ်တာ"

"ဟွန်း"

မိုးထိက ရှုံ့မဲ့က မီးဖိုဘက် ထွက်လာပါသည် ။ မီးဖိုပေါက်ဝမှာ လူတစ်အုပ်ကြီး ရုံးစုနေ၍ နောက်နားမှာ တွေ့ရသော သော်တာ့လက်ကို လှမ်းဆွဲလိုက်ရင်း ...

"သော်တာ"

"ဟဲ့ ... မိုးထိ"

"အဲဒါ ဘာလုပ်နေကြလို့ လဲ"

"အန်တီဆွေ ဂက်စ်မီးဖိုကြီးနဲ့ အိုးကြီးဝယ်လာလို့ ဝိုင်းသယ်လာတာ
"

အန်တီဆွေက ယမင်းအမေ ဖြစ်ပါသည် ။

မိုးထိသည် ရှေ့နားက ကလေးများ နှင့် အလုပ်သမလေးများကို တွန်းထိုး ဖယ်ရှားတိုးကာ…

"ဟဲ့ … လမ်းဖယ်ပေးကြစမ်းပါဦး၊ ပွဲကတာ ကျနေတာပဲ"

"သူကျ တိုးနေပြီးတော့"

ဇင်ယုက မျက်စောင်းလှည့်ထိုးလိုက်၍ …

"ဟဲ့ … အမယ်၊ ငါက ကန်စွန်းရွက် ဆိတ်ပေးဖို့ တာဝန်ရှိလို့ လာတာ၊ နင်ဆိတ်မလား၊ လာလေ"

"အမယ် … ဘာလို့ ဆိတ်ရမှာ လဲ"

မီးဖိုကျယ်ကြီးကား သူတစ်ပါး သာမန်အိမ်တစ်လုံးစာလောက်ကို ကြီးမားကျယ်ပြန့်ပါသည် ။ နေရာလွတ် ထောင့်တစ်နေရာမှာ ဂက်စ်အိုး လုံးလုံးရှည်ရှည်ကြီးကို ဖြည်းဖြည်း နေရာချနေကြလျက် နှစ်ဖိုတွဲ အကြီးကြီးကိုတော့ ကြွေပြားကပ် မီးဖိုစင်ပေါ် တင်နေကြသည် ။

ယမင်းအမေ အန်တီဆွေက ပြောဆို အော်ဟစ် ညွှန်ကြားနေကာ ယမင်းက အရေးပါပါလေး လက်ပိုက်ရပ်ကြည့် နေပါသည် ။ မိုးထိသည် ကြွေပြားခင်း ကြမ်းပေါ်က ဖော်မီကာကပ် စားပွဲပေါ်က ကန်စွန်းရွက် စည်းကြီးကို စတင်ဆိတ်သင်သည် ။

သော်တာက အနားလာကပ်ကာ ကူညီဆိတ်နေလိုက်ရင်း …

"ဂက်စ်မီးဖိုများ သူများ အိမ်တွေ ခေတ်တုံးမှ လာဆန်းကြယ်နေတယ်"

ယမင်းကို ကြည့်မရသူမို့လို့ တီးတိုးအတင်းဆိုသည် ။

"အိမ်မှာ မှ မရှိသေးတာဟဲ့"

"မဝယ်လို့ မရှိတာပဲဟာ၊ ဘွားဘွားကြီးက အလုပ်သမားတွေ ခလုတ်ပိတ်တာ ဖွင့်တာ သေချာဂရုမစိုက်ဘဲ အန္တရာယ်ဖြစ်မှာ ကြောက်လို့ ပဲဟာ"

"အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့။ မရှိသေးတော့ အဆန်းပေါ့"

"ငါတို့ လည်း ဝယ်နိုင်ပါတယ်နော်"

"အို ... ကလေးကျနေတာပဲ သော်တာရယ်၊ ကြွားထူမ"

"ဘာကြွားထူမလဲ၊ ဟိုမှာ နင့်အစ်မ မျက်နှာက ဟန်ချီလွန်းလို့ ကြည့်လို့ ကို မရဘူး"

"မကြည့်နဲ့ "

"ဩော် ... နင်က နင့်အစ်မဘက်ကပေါ့လေ"

သော်တာက မဟုတ်မှန်း သိလျက်နှင့် ပြောတာကို မိုးထိက ရယ်ရင်း ...

"အေးပေါ့၊ သိပ်ချစ် သိပ်တည့်တာကိုး"

"မနက်ဖြန် သူ့မွေးနေ့ပွဲတဲ့ ၊ ဆံပင်က အမီကောက်လာသေးတယ်၊ ဟိုမှာ ကြည့် ... အလှဘုရင်မကြီးရုပ်နဲ့ "

"ဟီဟိ"

ယမင်းက ကန်စွန်းရွက်စည်း အပုံကြီးကို သူနှင့်မဆိုင်သလို တစ်ချက်ငဲ့ကြည့်ပြီး ပြန်လှည့်သွားလေသည် ။

"ကဲ ... ရပြီ ... ရပြီ၊ သွား ... သမီး ယမင်း ထွက် ... ထွက်၊ ခြေထောက်ပေမယ်၊ အိမ်ရှေ့ထွက်"

ကြွေပြားဖြူခင်းသော မီးဖိုကြမ်းမှာ သန့်ပါသည် ။ အန်တီဆွေ အကဲပါနေတာကို မရှုံ့မဲ့ရဲ၍ သာ ခပ်တည်တည် နေရသည် ။

"ခြေဖနောင့်တွေ ကွဲမယ်၊ ကဲ ... ထွက်၊ အိမ်ရှေ့က တီဗွီကြီး ကြည့်နေရာ ချရဦးမယ်"

"တီဗွီကြီးတဲ့ ... "

သော်တာက တီးတိုးမဲ့ရွဲ့ပြန်သည် ။

"နားနေခန်းထဲ အားလုံးဝိုင်းကြည့်တဲ့ တီဗွီက နှစ်ဆယ့်တစ်လက်မဆိုတော့ သေးနေတယ်၊ ကြည့်တဲ့ လူအုပ်က နည်းတာ မဟုတ်ဘူး ၊ နောက်နားကဆို သေးသေးမြင်ရတာ၊ နှစ်ဆယ့်ကိုးလက်မနဲ့ လဲပေးလိုက်တယ်၊ ရှိတဲ့ နှစ်ဆယ့်တစ်လက်မကို ထမင်းစားခန်းထဲ ပို့ထားမယ်၊ နောက်ဖေးက လူတွေလည်း လုပ်ရင်းကိုင်ရင်း ကြည့်ရတာပေ့ါ"

ဘယ်သူ့ကို ရည်ရွယ်ရှင်းပြနေမှန်း မသိရဘဲ အန်တီဆွေက အားလုံးကြားအောင် အော်၍ ရှင်းပြနေပါသည် ။ နောက်ဖေးက အိမ်ဖော်တစ်သိုက်ဖြစ်သော အေးပုတို့ ၊ မိနီမတို့ ၊ မြထော်တို့ ၊ ဂျမ်းတုတ်တို့ တစ်တွေကတော့ လုပ်ရင်းကိုင်ရင်း ကြည့်ရမည်ဆို၍ အကြိုက်ကျ ပြုံးမြသွားကြပါသည် ။

"ဟဲ့ ... မိုးထိတို့ ဘာလုပ်နေလဲ"

"ကန်စွန်းရွက် ဆိတ်နေတာ အန်တီဆွေ"

"ဟဲ့ … ဟိုကောင်မလေးတွေက ဆိတ်စမ်း၊ မိုးထိ … လာ၊ အိမ်ရှေ့ လာကူစမ်း၊ တီဗွီနေရာချဖို့ ၊ ဒီဟာမတွေကိုခိုင်းရင် အပေါက်လမ်းတဲ့မှာ မဟုတ်ဘူး "

မိုးထိ မငြင်းသာ၍ ကန်စွန်းရွက်ချကာ ထ,ထွက်ရပါသည် ။ သော်တာကတော့ ထိုင်ကျန်ရနိုး၊ ထလိုက်ရနိုး ကိုးလိုးကန့်လန့် ဖြစ်သွားရသည် ။ မိုးထိကို ကူဖို့ သာ အပျင်းပြေ လာဆိတ်ပေးနေတာဖြစ်၍ သူ့ အလုပ်လည်း မဟုတ်၊ ကန်စွန်းရွက် ဆိတ်နေတာ သူ့အမေတွေ့လျှင် ဆူမှာ ပင်။

အိမ်ရှေ့လိုက်ဖို့ ကျတော့ အန်တီဆွေ့ အခိုင်းလိုက်ခံရာ ကျဦးမည်။ စူပွပွနှင့် ထကာ တီဗွီခန်းဆီ မရောက်တရောက်၌ မယောင်မလည် လုပ်နေ၏။ မိုးထိကတော့ အန်တီဆွေ့နောက် ပါသွားရသည် ။ မိုးထိကိုဆို ဟိုလူ ဒီလူတို့ က လက်တိုလက်တောင်း ခိုင်းရဲမြဲမို့လို့ မိုးထိအတွက် ရိုးနေပါပြီ။

"ကိုနိုင်တို့ အဆင်ပြေလား"

"ဟုတ် … ပြေတယ် အန်တီဆွေ"

"အင်တင်နာကော"

"အပြင်မှာ မြဦး ပြန်ချိန်နေတယ်"

"ထားမယ့်စားပွဲပေါ် တစ်ခါတည်းတင်လေ၊ ဒါမှ ချိန်တာပိုမှန်မှာ ၊ ဟဲ့ … မိုးထိ ကြက်မွေးယူပြီး စားပွဲသုတ် ပေး လိုက်လေ"

"ဟုတ်"

မိုးထိက ကြက်မွေးသွားယူကာ တီဗွီတင်ဖို့ စားပွဲပေါ် သုတ်ပေးလိုက်သည် ။

"အဝတ်စုတ်ယူဦး မိုးထိ၊ ထောင့်တစ်ဖက် ရေဆွတ်ပြီး ညှစ်ခဲ့"

မိုးထိ သွားရှာယူခဲ့ရပြန်သည် ။ အနီးရပ်နေသော သူ့သမီးတော့ တစ်ခွန်းမှ မခိုင်း၍ သော်တာက ကြားထဲကနေ မကြည်လင်။

"မိုးထိ ... ဟိုဘက်က စားပွဲအသေးလေးကို ရွှေ့ပေးလိုက်၊ ကြိုးတွေနဲ့ ပတ်ငြိပြီး လဲတော့မယ်၊ ပန်းအိုးကွဲဦးမယ်၊ ယမင်း ... သမီးက ဒီဘက်ကို ဖယ်ပေးလိုက်"

အန်တီဆွေ ခိုင်းသမျှ တကောက်ကောက်နှင့် လုပ်ကိုင်ပေးနေသော မိုးထိကိုကြည့်ရင်း သော်တာက သနားမိကာ ကြားထဲက မခံနိုင်ချင်။ မိုးထိကိုဆို သိပ်ခိုင်းချင် ကြတာပဲ။ သော်တာ့အမေက အစ,ပါပဲလေ။ မျက်နှာညိုခြင်း ညည်းညူရေရွတ်ခြင်း မရှိသော မိုးထိကို သော်တာ ချီးကျူးမိသည် ။

"မိုးထိ ... ပြီးရင် ဒီတစ်ခန်းလုံး သေချာရှင်းရမှာ သိလား၊ နောက်ဖေးက ဟာမတွေက ဉာဏ်ရှိတာ မဟုတ်ဘူး ၊ မနက်ဖြန် ဒီအခန်းထဲလည်း စားပွဲတွေချမှာ ၊ ညကျ ကော်ဇောခင်းမယ်"

"ဟုတ်"

သော်တာ အပြင်မှာ ခပ်ငူငူ ရပ်နေဆဲ၊ ရန်နောင်နှင့် အောင်ကျော်စွာ အတွဲက အနားရောက်ကာ ...

"သော်တာ ... မမိုးထိကော"

"ရှိတယ်၊ ဘာလုပ်မလို့ လဲ"

"နှစ်ယောက်လုံး ဘွားဘွား ခေါ်နေတယ်"

"ဘာလုပ်ဖို့ တဲ့ လဲ"

"ဆူဖို့ ပေါ့ ... တခြား ဘာရှိမှာ လဲ"

"နင်တို့ ဘာသွားထောင်ထားလဲ"

"ဘာမှ မထောင်ဘူး၊ စိတ်တောင် မဝင်စားဘူး၊ ရွှေရည်ထောင်တာ ဖြစ်မယ်၊ ဘွားဘွားက အခုလွှတ်လိုက်တဲ့ "

"ပြီးရော"

သူတို့ နှစ်ယောက် တီဗွီနား ရောက်သွားကြစဉ် သော်တာက ... လှမ်းအော်လိုက်၍ တံမြက်စည်း လှည်းနေရာမှ မိုးထိက လှည့်ကြည့်သည် ။ သူ အလုပ်တွေ လုပ်နေရ၍ သော်တာများ လှည့်ပတ်ခေါ်သလားထင်ကာ ...

"ဟုတ်လို့ လား သော်တာရယ်"

"ဩော် ... ဟုတ်ပါတယ်ဆို"

"အန်တီဆွေ ... ဘွားဘွား ခေါ်လို့ တဲ့ ၊ မိုးထိ သွားလိုက်ဦးမယ်"

"ဩော် ... အေး ... သွားသွား၊ ဘွားဘွားဆီ သွားလိုက်"

ဣန္ဒြေလည်း ရ၊ အိုက်တင်လည်း များ ၊ စကားလည်း နည်း၊ မာနလည်း ကြီးသော ယမင်းက မိုးထိ ထောင်ထားခဲ့သော တံမြက်စည်းနားမှာ ခွာရပ်ကာ ခပ်ကြော့ကြော့ကလေး ကျန်ရစ်ပါသည် ။

"ဘွားဘွားက ဘာတဲ့ လဲ သော်တာ"

"ဖြင်းဖို့ ပဲဖြစ်မယ်"

"တကယ်လား"

"ရွှေရည် သွားထောင်တယ်တဲ့ ၊ ရန်နောင် ပြောတာပဲ"

"နင်ကော ပါလို့ လား"

"ပါတယ်ဟဲ့၊ နင်ရော ငါရော လာခဲ့တဲ့ "

"ဒါဖြင့်ရင်တော့ မာလကာသီးထင်တယ်"

"သူတို့ လည်း ခူးမစားရဲဘဲနဲ့ စားရဲတဲ့ သူ စားတာ မနာလိုနေတာ၊ စားချင်လို့ တိုင်တာ"

"မာလကာသီးတော့ ရွှေရည်တို့ ဝယ်စားနိုင်ပါတယ်ဟာ"

"ဩော် ... ငါကျ မစားနိုင်ဘူးလား၊ အလုံးသုံးဆယ်တောင် ဝယ်စား နိုင်သေးတယ်"

မိုးထိက ရယ်မောရင်း ...

"တကယ် ဝယ်မစားနိုင်တာက ငါမှ အစစ်ဟဲ့၊ တစ်လုံး အစိတ် သုံးဆယ်လောက် ပေးရမယ့်ဟာတွေ၊ ငါက ခူးကိုစားမှ စားနိုင်မှာ ၊ ငါ့လွှဲချလိုက်ဟာ၊ နင် မပါဘူးလို့ ပြောနော် သော်တာ"

"ငါလည်း ပါတာပဲဟာ"

"ဒါပေမဲ့ ငါစပြောတာ၊ နင်က ငါပြောလို့ စိတ်ပါပြီး ပါလာရတာပါ"

"မသိဘူး၊ စားတူတူ ဆူခံရ တူတူပဲ"

"နင့်ကို ဒါကြောင့် သိပ်ချစ်တာ၊ သိလား သော်တာရဲ့ ၊ ဒီတစ်အိမ်လုံးမှာ နင်စိတ်ကောင်းအရှိဆုံး၊ သဘောအဖြောင့်ဆုံးပဲ"

"ဟွန်း ... တကယ်စိတ်ကောင်း ရှိနေတာက နင်၊ လူများ ခိုင်းဖက် လုပ်နေရလည်း ပြုံးပြုံးပဲ"

"လုပ်ပေးရမှာ ပေါ့ဟ၊ ငါတို့ က ဘွားဘွားကျွေးတာ စားနေရတာကို ၊ ဒီအိမ်က ဘယ်ကိစ္စဖြစ်ဖြစ် ခိုင်းရင် လုပ်ပေးရမှာ ပဲပေါ့"

"အဲဒါ စိတ်ကောင်းရှိတာပေါ့၊ အခုဆို အန်တီဆွေကြီးက ခိုင်းနေလိုက်တာ၊ ဘေးက သူ့သမီး မတ်တတ်လေးကျတော့ လက်ပြတ်နေလို့ ထင်ပါရဲ့ ၊ ဘာမှ တစ်ခွန်းမခိုင်းဘူး၊ နင့်ကို ဘွားဘွားကျွေးထားတာပဲ၊ ဘွားဘွားကိစ္စပဲ လုပ်ပေးပေါ့၊ အန်တီဆွေ ကျွေးထားတာမှ မဟုတ်ဘဲ၊ ယမင်းအဖေကကော သူ့ညီအငယ်ဆုံးရဲ့ သမီးရယ်လို့ နင့်ကို ဘာအရေးလုပ်လဲ"

"ဒါတော့ သော်တာရယ်၊ ကံစီမံရာပေါ့၊ ဘဝပေး ကုသိုလ်ကံပေါ့ဟယ်၊ အရေးလုပ်ရမယ်လို့ သူ့ကို စွတ်ပြောလို့ ရပ့ါမလား"

မိုးထိကို ငဲ့ကြည့်ကာ သော်တာကတော့ သနားလှပေသည် ။

"မနက်ဖြန် နင်ဝတ်စရာ အင်္ကျီရှိလား"

"ရှိတာပဲ ဝတ်မှာ ပေါ့"

"ငါ့အင်္ကျီ ယူဝတ်ဟာ၊ ခုနက ယမင်းတို့ ပြန်လာတော့ အဝတ်တွေလည်း ပါလာတယ်၊ ဇာရယ်ဒီမိတ်တစ်ထည် တွေ့တယ်၊ သူက တောက်ပနေတာကြီး ဝတ်မှာ "

"နင့်အင်္ကျီ ယူဝတ်တော့လည်း နင့်အင်္ကျီမှန်း သူတို့ က သိမှာ ပဲ"

"အို ... ငါမဝတ်ရသေးတဲ့ အသစ်ရှိတယ်"

"နင် အခုမဝတ်ရသေးလည်း ငါ မနက်ဖြန်ဝတ်ပြီး နောက်တော့ နင်ပဲ ပြန်ဝတ်ရမှာ ပဲဟာ၊ နင့်ဟာ ယူဝတ်မှန်း သိမှာ ပါ၊ ကိုယ့်ရှိတာ ဝတ်တာပဲ အေးပါတယ်၊ ငါက မွေးနေ့ရှင်မှ မဟုတ်တာပဲဟာ၊ ဘာဝတ်ဝတ်ပါ၊ ပြီးတော့ ငါက အလုပ်ကူနေရမှာ ပါ၊ အစုတ်ပဲ ကောင်းပါတယ်"

သော်တာ မကျေမနပ် နှုတ်ဆိတ်နေဆဲပင် သူတို့ ဘွားဘွားပိုင်သော

အိမ်ကြီးမှာ မှီခိုနေထိုင်ကြသူတွေလည်း ဖြစ်၊ ဘွားဘွားကလည်း စီးပွားရေး အရရော၊ အသက်အရွယ် ဝါစဉ်အရရော ကြီးမြင့်လှသူဖြစ်၍ တစ်အိမ်လုံး ဘွားဘွားစကားကို လေးစားရိုသေ လိုက်နာရရိုး ထုံးစံပင်။

"မိုးထိ ... မနေ့က မာလကာပင် တက်တယ်ဆို"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

"ဒီအပင်က မာလကာသီးတွေ ခူးမစားကြနဲ့ လို့ မှာ ထားတာ မမှတ်ပြန်ဘူးလား၊ ဧည့်သည် တွေ ဘာတွေလာရင် ခေါ်ပြပြီး အပင်ကခူး လက်ဆောင်ပေးဖို့ ထားတာဆိုတာ မသိဘူးလား"

"သိပါတယ် ဘွားဘွား"

"သိရင် ဘာလို့ ခူးစားလဲ၊ ခူးစားတာ တစ်ပြစ်၊ မိန်းကလေးတန်မဲ့ ကြန္ဒြေမရဘဲ သစ်ပင်တက်တာ တစ်ပြစ်၊ သော်တာပါ တက်သလား"

"သော်တာက သမီးခူးချပေးတာကိုပဲ အောက်က ကောက်တာပါ"

"ညည်း ဘာကြောင့် ဒီလောက်ကဲရသလဲ မိုးထ"

"သမီး မာလကာသီး စားချင်လို့ ပါ၊ ဝယ်စားဖို့ က ဈေးကြီးလို့ ပါ"

ဘွားဘွားမျက်နှာမှာ ဆက်အဆူရ ခက်သွားသလို မသက်မသာ တစ်မျိုးကြီး ဖြစ်သွားပါသည် ။ မိုးထိဟာ တခြားရွယ်တူတွေလို မုန့်ပဲသရေစာလည်း ဖောဖောသီသီ မစားရ၊ အဝတ်အစား အသုံးအဆောင်လည်း ပြည့်ပြည့်စုံစုံ မဝယ်ရရှာတာ ဘွားဘွား အသိပဲ မဟုတ်လား။

"စားချင်ရင် ဘွားဘွားကို အရင်လာခွင့် တောင်းပါဦးလား"

မိုးထိဟာ ဘိုးဘိုးဘက်က မြေးဖြစ်ပေမဲ့ ဘိုးဘိုးမှာ ရော ဘွားဘွား

မှာ ပါ ထိုသို့ ခွဲခြားသတ်မှတ်ကျင့် မရှိပါ။ တခြားသူတွေကသာ အချင်းချင်း ခွဲခြားသတ်မှတ် တတ်ကြတာပါ။

ဘိုးဘိုးနှင့် ဘွားဘွားကတော့ အားလုံး စည်းရုံး ချစ်ကြည်နေဖို့ အံ့ဩဖွယ်ရာ ဒိုင်နက်စတီကြီး တစ်ခုကို ကြိုးကိုင် အုပ်ချုပ်နိုင်ဖို့ သာ အာသီသ ကြီးတာပင်။

"သမီး အပြစ်ရှိပါတယ်"

မိုးထိက မြန်မြန်ပဲ ဝန်ခံလိုက်သည် ။

"သော်တာက သမီး တက်ခူးစားလို့ အပျော်အဆစ် ပါတာပါ"

"အေး ... ဒီတစ်ခါပြီးရော၊ နောက်တစ်ခါဆို မိုးထိ သိပ်စားချင်ရင် ဘွားဆီ အရင်လာခွင့်တောင်းရမယ်"

"ဟုတ်ကဲ့ပါ"

"ဆရာမတွေ ဆရာတွေရဲ့ မှတ်ချက်ထဲမှာ လည်း မိုးထိ အတော်နာမည် ပျက်တယ်နော်၊ သော်တာက မိုးထိနဲ့ တွဲတော့ တတွဲတွဲ ပါနေတယ်၊ မိုးထိက ကိုယ်က အကြီးပဲ၊ သော်တာ့ကို ကောင်းရာပဲ ဦးဆောင်ညွှန်ပြရမှာ "

မိုးထိက ခေါင်းငုံ့၍ ငြိမ်နေသည် ။

"မိုးထိနဲ့ ပတ်သက်ရင် သတင်းကောင်းကို မထွက်ဘူး"

"မိုးထိက တစ်အိမ်လုံး ခိုင်းသမျှ မညည်းမညူ လုပ်ပါတယ် ဘွားဘွား၊ ဒါ သတင်းကောင်းပေါ့။ ဒါကျ လူများ တွေက ပြောမှ မပြောကြတာ"

သော်တာ့ စကားကို ဘွားဘွားက ဘာမှ တုံ့ပြန်ချက် မပေးပါ။ တစ်ခ

ဏာ ငြိမ်သက်နေပြီးမှ ...

"မိုးထိကို ကြည့်လိုက်ရင် အမြဲကပိုကရို မသပ်မရပ်နဲ့ မိန်းမပျိုးလေး တစ်ယောက်မှာ ရှိသင့်တဲ့ သိမ်မွေ့နူးညံ့မှုလည်း မတွေ့ရဘူး၊ အရာရာ မှာ ဖြစ်ကတတ်ဆန်း နိုင်လှတယ်၊ ဒါတွေလည်း ပြင်ရမယ်၊ စာကြိုးစား ရမယ်၊ ဆရာ ဆရာမတွေကို ကလန်ကဆန်လည်း မလုပ်ရဘူး၊ ပြောစ ကား အားလုံးနားထောင်ရမယ်၊ လိုက်နာရမယ်၊ အိမ်ရဲ့ စည်းကမ်း အား လုံးကိုလည်း လေးစား လိုက်နာရမယ်"

"ဟုတ်ကဲ့ပါ အဘွား"

"လူကြီးတွေကို ကလန်ကဆန် မပြောတာကလွဲရင် အမှတ်သည်းခြေ မရှိဘဲ ခဏ ခဏ စည်းကမ်းဖောက်ဖျက်တယ်၊ အဲဒါ တွေ ဘွားမကြိုက်ဘူး မိုးထိ၊ မိန်းကလေး တစ်ယောက်ဟာ မိန်းကလေး ပီပီသသ လိမ္မာယဉ်ကျေး သိမ်မွေ့ပြီး တော်လည်း တော်နေရမယ်၊ ဒါမှ ဘိုးဘိုးနဲ့ ဘွားဘွားတို့ ရဲ့ မျိုးရိုးစဉ်ဆက်ဂုဏ်ကို စောင့်ထိန်းရာကျတယ် မိုးထိ၊ နားလည်ရဲ့ လား"

"ဟုတ်ကဲ့"

"ညည်းအဖေက သူ့သမီးကို အမြင့်ဆုံးကိုမှန်းပြီး ‘မိုးထိအောင်’ ဆို တဲ့ နာမည် ပေးသွားခဲ့တယ်၊ ကိုယ်က ဟိုးအောက်ခြေ အနိမ့်ဆုံးမှာ ညံ့ဖျင်းမနေစေနဲ့ "

"ဟုတ်ကဲ့ ဘွား"

"ဘွား ဆုံးမချင်တာ ဒါပါပဲ"

ဘွားဘွားက ရွှေကိုင်းမျက်မှန်ကလေးကို ပင့်တင်လိုက်ရင်း ...

"မနက်ဖြန် ယမင်းမွေးနေ့ပွဲ လုပ်မယ်ပြောတယ်"

"ဟုတ်ကဲ့"

"အိမ်မှာ ပဲ အုန်းနို့ခေါက်ဆွဲချက်မယ်၊ အချိုမုန့်တွေ ထိုးမယ်တဲ့ ။ ဒီ ည ဒီကိစ္စတွေ သမီးတို့ ကူကြရမယ်၊ မိန်းကလေးတွေအားလုံး ကူကြရမယ်၊ အဲဒါ အားလုံးကို သမီးတို့ ပြောလိုက်ကြ၊ ယောကျ်ားလေးတွေ အုန်းသီးခြစ်ပေး ညှစ်ပေးရမယ်၊ အဲဒါလည်း ပြောလိုက်"

"ဟုတ်ကဲ့ပါ ဘွား"

"ကြက်သားပြုတ်တာ နွှင်တာ ဆီသတ်တာ၊ ကြက်သွန်ဥခွာတာ၊ ဘဲဥပြုတ်တာ ခွာတာ၊ လုပ်စရာ အများကြီးပဲ၊ အိုးကြီးသုံးလုံးတောင် ချက်မှာ ၊ လုပ်ရမှာ မနည်းဘူး၊ မုန့်တွေထိုးဖို့ က ရှိသေးတယ်၊ လက်ဖက်ပွဲအတွက် လက်ဖက်ထောင်းဖို့ နှပ်ဖို့ လည်း ရှိသေးတယ်၊ အားလုံး တက်ညီလက်ညီကူကြ၊ ဒီညလည်း လုပ်ရကိုင်ရမယ်၊ မနက်လည်း စောစောထ လုပ်ရကိုင်ရမယ်၊ ခဏပဲ အိပ်ကြမှာ ... ကြားလား"

"ဟုတ်ကဲ့"

မိုးထိနှင့် သော်တာ ဘွားအခန်းထဲမှ ပြန်ထွက်လာပါသည် ။ လှေကားကြီးမှ ဆင်းလာရင်း သော်တာက ...

"ရှိသမျှလူအားလုံး ကူရမယ် ဆိုပေမဲ့ မယမင်းကတော့ ကူမှာ မဟုတ်ပါဘူး"

"သူက မွေးနေ့ရှင်ကိုးဟယ်"

"အဲဒါကြောင့် အဓိက သူ့တာဝန်ပေါ့၊ ငါတို့ က သူ့အတွက် ကူညီလုပ်ကိုင် ပေးရမှာ ၊ သူက ဝင်မလုပ်တောင် ပြုံးပြုံးရယ်ရယ် ချိုချိုသာသာရှိရင် တော်သေးတာပေါ့၊ အခုတော့ တစ်အိမ်လုံး သူက ကျွေးထားတာ ကျနေတာပဲ၊ မျက်နှာက မာန်တင်းနေတာပဲ၊ မာနက ကြီးပါတယ် ဆိုနေမှ

ထိက သိန်းရာကျော် ထ,ပေါက်လိုက်သေးတယ်၊ ကုသိုလ်ကံများ မတရားဘူး"

"သော်တာရယ် ... ကံဆိုတာ ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်လို့ ရမှာ တဲ့လဲ၊ တရားတယ် မတရားဘူး ဘယ်လိုပြောလို့ ရမှာ တဲ့ လဲ၊ ယမင်းတို့က အရင်ဘဝက ကုသိုလ်ကောင်းမှု များများ လုပ်ခဲ့လို့ ဖြစ်မှာ ပေ့ါ"

"ဒီဘဝမှာ တော့ ခပ်ပုပ်ပုပ်ထဲကပါ"

မိုးထိက တဟားဟား အော်ရယ်ချပစ်မိတော့သည် ။ သော်တာ မယမင်းကို မနာလိုနေတာ မဟုတ်မှန်း မိုးထိ သိပါသည် ။ ဘွားဘွား အိမ်မှာပဲ နေနေပေမဲ့ သော်တာတို့ က ပြည့်စုံကြွယ်ဝပါသည် ။ ကိုယ်ပိုင်အိမ်တွေလည်း ရှိပါသည် ။

သော်တာ့ဖေဖေ ရုံးဌာနမှ ရသည့်မြေကွက်မှာ နှစ်ထပ်တိုက် အကောင်းစားကြီးတစ်လုံး ဆောက်ထားကာ ထိုခြံနှင့်တိုက်ကို လူငှားတင်ထားပါသည် ။ တိုက်ခန်းနှစ်ခန်းလည်း ရှိသေးကာ အသီးသီး လူငှားတင်ထားပါသည် ။ သော်တာ့အစ်ကိုဟာ နိုင်ငံခြားသင်္ဘော လိုက်သွားတာ သုံးနှစ်ခွဲကျော် လေးနှစ်နီးပါး ရှိနေပြီမို့ ဒါတွေ တဖြည်းဖြည်း စုဆောင်းမိလာခြင်းပါပဲ။

တိုက်ခန်းနှစ်ခန်းက သော်တာတို့ မောင်နှမ နှစ်ယောက်အတွက်ဟု ရည်ရွယ်ထားတာ ဖြစ်ပါသည် ။

အဲဒါအပြင် သော်တာတို့ မိသားစုစီးသည့် တိုယိုတာကိုရိုလာကားလုလုလေး တစ်စီးလည်း ရှိပါသေးသည် ။ ဒီအိမ်ကြီးပေါ်မှာ နေကြသည့် မိသားစုတွေထဲ အတော်များများမှာ ကိုယ့်ကားပိုင်နှင့်ကိုယ် ရှိကြပါသည် ။ မရှိသူက လူနည်းစုသာ။ ကားဂိုထောင်ကြီးဟာပင် စာသင်ကျောင်းဆောင်ကြီးအလား တရှည်တလျားပင်။

ဘာမှ မရှိဘဲ အမွဲဆုံးကတော့ မိုးထိတို့ သားအမိသာ ဖြစ်မှာ ပင်။ ဒါကို စဉ်းစားမိရင်း မိုးထိက အမေ့အတွက် အနည်းငယ်တော့ စိတ်မကောင်း ဖြစ်ပါသည် ။ ကိုယ့်အတွက်ကိုယ်တော့ ကားမရှိ အိမ်မရှိ သည့်အတွက် အားငယ်ဝမ်းနည်းလှသည် မဟုတ်ရိုး အမှန်ပင်။

သော်တာဟာ မယမင်းကို သူမနာလိုတာ မဟုတ်ဘဲ မိုးထိကိုယ်စား ဝင်နှိုင်းယှဉ်ကာ မညီမျှတဲ့ ကံကြမ္မာကို မကျေနပ်နေတာ။

"မေမေကလည်း အဲဒီမယမင်းကိုဆို နှိုင်းနှိုင်းပြီး ချီးကျူးတာ၊ ကျေကိုမကျေနပ်ဘူး"

"နင်နဲ့ နှိုင်းပြီးတော့လား"

"အေးပေါ့၊ ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့ အောင်တာရော၊ ဣန္ဒြေရတာ၊ လှတာ၊ အစုံပါပဲဟာ၊ သူ့ကို အားကျခိုင်းနေတယ်၊ မကျနိုင်ပါဘူး၊ သူ့ကို မေမေက သိပ်လှသတဲ့ ဟယ်"

"လှတာပဲ သော်တာရဲ့ "

"အို ... အလှပြင်မှ တော့ နည်းနည်းတော့ လှကြပြီချည်းပေါ့၊ မျက်နှာက ပဲများများ နဲ့ ၊ မျက်လုံးကြည့်ပုံကိုက တစ်မျိုး၊ သူ့ကိုများ အားမကျပါဘူး၊ စာတော်တာ တစ်ခုရှိတာ ... ဟွန်း"

"မာနကြီးတာလေး တစ်ခုကလွဲရင် မယမင်းမှာ အပြစ်ပြောစရာ ဘာမှ မရှိပါဘူးဟယ်"

"မြင် ... မြင် ... နင်ပဲ အကောင်းမြင်နေ သိလား၊ မိဘက ပိုက်ဆံရှိ တစ်ဦးတည်းသော သမီးကဖြစ်တော့ ဘဝင်လေဟပ်ပြီး နားထင်သွေးရောက်နေတာ၊ ဒီအိမ်ထဲ ကွက်ကွက်လေးမှာ သူလှနေတာများ ဘာများထင်နေတယ် မသိဘူး၊ ကမ္ဘာကြီးက အကျယ်ကြီး၊ မြန်မာပြည်လည်း အ

ကျယ်ကြီး၊ ရန်ကုန်မြို့တောင်မှ အကျယ်ကြီး၊ သူ့လောက်လှတာများ တော့ ရိုက်သတ်တောင် မကုန်ဘူး"

"နင်ကလည်း ဟယ်"

"လေအေးလာမလုပ်နဲ့ ၊ တစ်ဝမ်းပဲကွဲပြီး နင့်ကို အဖတ်မလုပ်တာကို အမြင်ကတ်လွန်းလို့ ၊ တစ်ယောက်တည်း သမီးချင်း စည်းလုံးရင်းနှီး သင့်တာပေါ့၊ အခုတော့ အဖတ်မတန်သလို စကားတောင် လေးလုံးကွဲ အောင် မပြောဘူး"

"သူ စကားနည်းတာလည်း ပါတာပဲ၊ အန်တီဆွေက ဖော်ရွေပါတယ် "

"ဖော်ရွေမှ ပေါ့၊ နင့်ကို လေချိုနဲ့ ချော့ပြီး ခိုင်းနေတဲ့ ဥစ္စာ၊ နင်ပဲ အ ကောင်းမြင်နေ"

"သော်တာရယ် ... ငါက အကောင်းမမြင်လို့ ဘယ်လိုများ မြင်လို့ ရ မှာ မို့လို့ လဲ"

တကယ်တော့ သွေးအရင်းကြီးတွေနှင့် သူမတို့ သားအမိကို အဆင့် အတန်းခွဲကာ ဆက်ဆံကြတာ မိုးထိက ခံစားရသူမို့ အသိဆုံးသာပင်။ သို့ပေမဲ့ ကိုယ့်ဘဝ ကိုယ့်အခြေအနေက ဒါကို အာခံတော်လှန်ဖို့ ရင်ဆိုင် ဖို့ အခြေအနေပေးတာ မဟုတ်။

ဒါကြောင့် ရင်ထဲမကျေနပ်မိရင်တောင် စိတ်ကို မျိုသိပ်ဖျောက်ပစ်ပြီး တဟီးဟီး တဟားဟားနှင့် စိတ်ကိုပေါ့ပေါ့ပါးပါးပဲ ထားသည့်အကျင့်က မိုးထိမှာ စွဲမြဲနေပါပြီ။ ဤသည် မှာ သူ့ဘဝက ပေးထားသော သူထားရမ ည့် စိတ်ဓာတ်ဟု သာ ယုံထားပါသည် ။ အလေးအနက်ထား ခံစားနေဖို့ ရာ မိုးထိရဲ့ နှလုံးသားမှာ မကြွံခိုင်လှပါချေ။

*****